# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

EMReF
Enlightened Myanmar Research Foundation

အမှတ် (၃၆)၊ ဩဂုတ် ၈ ရက်၊ ၂၀၁၇


## တနင်္သာရီလွှတ်တော်ဟစ်တိုင် ဝါကျွတ်တွင် ဖွင့်လှစ်မည်

ဇူလိုင် ၂၈၊ ၂၀၁၇

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်သစ်ဘေးရှိ ဟစ်တိုင်ကွင်းသစ်အား ယခုနှစ် ဝါကျွတ်တွင်ဖွင့်လှစ်မည်ဟု တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်အေးက ပြောသည်။

မြန်မာပြက္ခဒိန်အရ သီးတင်းကျွတ်လပြည့် ဝါကျွတ်ပြီးချိန်(အောက်တိုဘာလ ၅ ရက် အလွန်)တွင် လွှတ်တော်သစ်ဖွင့်ပွဲကို ကျင်းပပြီးသည်နှင့် ဟစ်တိုင်ကွင်းအား စတင်ဖွင့်လှစ်မည်ဟု ၎င်းကပြောသည်။

လာရောက်စုဝေး၊ ဟောပြောဆန္ဒပြလိုသူများအနေဖြင့် ထားဝယ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ(ငြိမ်းစုစီ) ဥပဒေ၏ အတိုင်းဆောင်ရွက်ကာ ဟစ်တိုင်နေရာအသုံးပြုခွင့်အတွက် လွှတ်တော်ရုံးတွင် လျှောက်ထားရမည်ဟု သိရသည်။

ဟစ်တိုင်ကွင်းတွင် မည်သည့်အကြောင်းအရာ၊ မည်သည့်အဖွဲ့အစည်းကိုမဆို ကန့်သတ်ချက်မရှိ ဆန္ဒထုတ်ဖော်နိုင်သည်ဟု ၎င်းကပြောသည်။

ဟစ်တိုင်တွင် ဆန္ဒဖော်ထုတ်ရန်နေရာ နှစ်ခု၌ ခွင့်ပြုချက်လျှောက်ထားရမည်ဆိုခြင်းမှာမဖြစ်သင့်ဟု ထားဝယ်တက်ကြွ လူငယ်အဖွဲ့မှ ကိုဝေဖြိုးကပြောသည်။ "ဟစ်တိုင်ပါဆိုမှ ဟစ်ဖို့ခွင့်ပြုချက်တောင်းခံရဦးမယ်ဆိုတော့ သဘာဝမကျဘူး၊ ဘယ်မှာမှ ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ လွတ်လွတ်လပ်လပ် လုံလုံခြုံခြုံဆန္ဒပြနိုင်အောင် စီမံသင့်ပါတယ်"ဟု ကိုဝေးဖြိုးကပြောသည်။

ထို့ပြင် လက်ရှိဟစ်တိုင်ကွင်းနေရာမှာ အချက်အချာမကျသဖြင့် လူစိတ်ဝင်စားမှု နည်းပါးသည့်နေရာဖြစ်ပြီး ဟစ်တိုင်ကွင်းအား မြို့လယ်၊ သို့မဟုတ် ဝန်ကြီးအိမ်ရာနှင့် လွှတ်တော်ကြားနေရာတွင် ဖြစ်သင့်သည်ဟု ၎င်းကထောက်ပြသည်။ လက်ရှိလွှတ်တော်ကွင်းမှာ ထားဝယ်မြို့စွန်ရှိ တိုင်းဒေသကြီး လွှတ်တော်သစ်ဝင်း၏ အနောက်ဘက်တွင် တည်ဆောက်ထားပြီး လူအသွားအလာနည်းသည့် ကမ်းနားလမ်းနှင့်ပင် အလှမ်းကွာသဖြင့် ချောင်ကျလွန်းသည်ဟု ဝေဖန်မှုအချို့ရှိနေသည်။ ဟစ်တိုင်ဟောပြောစင်ကို လွှတ်တော်အားကျောခိုင်းကာ ဆောက်ထားသဖြင့် ဟောပြောသူက လွှတ်တော်ကိုကျောခိုင်း ဟောပြောရမည့်အနေအထားဖြစ်သည်။ **(ကိုးကား-တနင်္သာရီဂျာနယ်)**

## ရေချိုငါးလုပ်ငန်းဥပဒေကြမ်း ကြိုတင်ဖြန့်ဝေရန် လိုအပ်

ဇူလိုင် ၂၇၊ ၂၀၁၇

တိုင်းဒေသကြီးလွှတ်တော်တွင် ပြဋ္ဌာန်းနိုင်ရန် ရှင်းလင်းဆွေးနွေးပွဲများပြုလုပ်နေသည့် ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)ကို ဆွေးနွေးပွဲမတိုင်မီ ကြိုတင်ဝေငှရန် ပွဲစီစဉ်သူများထံ ထားဝယ်ခရိုင်ဒေသခံအချို့ကတောင်းဆိုလိုက်သည်။

တိုင်းလွှတ်တော်ကိုယ်စားလှယ်များနှင့် ငါးလုပ်ငန်းဦးစီးဌာနဆိုင်ရာတာဝန်ရှိသူများက ဇူလိုင်လ ၂၇ ရက်နေ့တွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၌ ပြုလုပ်ခဲ့သည့် ဥပဒေ(မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲ(ထားဝယ်ခရိုင်)သို့ တက်ရောက်သူအချို့က ယင်းသို့တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲရောက်မှ ဥပဒေမူကြမ်းဝေငှခြင်းကြောင့် ကြိုတင်ဖတ်ရှုလေ့လာရန် အချိန်မရသည့်အတွက် ဥပဒေ(မူကြမ်း)အား ဖြည့်၊ ပြင်၊ ဖျက်ရန် အကြံပြုဆွေးနွေးပွဲတက်ရောက်သည့်သူအချို့က ဝေဖန်ခဲ့ကြသည်။

ယခုဆွေးနွေးပွဲများကို မြိတ်ခရိုင်တွင် ဩဂုတ်လ ၁ ရက်နေ့၊ ကော့သောင်းခရိုင်တွင် ဩဂုတ်လ ၅ ရက်နေ့အတွင်း ကျင်းပပြီး ဒေသခံများ၊လုပ်ငန်းရှင်များ၊ ဌာနများ၏အကြံပြုဆွေး နွေးချက်များကို ရယူသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ရေးရာကော်မတီဥက္ကဋ္ဌ ဦးဗိုလ်ထွေးကပြောသည်။ တိုင်းအဆင့်ဆွေးနွေးပွဲကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။

"ဘယ်သူတွေစိတ်ဝင်စားတယ်ဆိုတာ ကြိုမသိရတော့ ဥပဒေကြမ်းတွေကြိုဝေဖို့ကတော့ အခက်အခဲတွေရှိနေဦးမှာပါ"ဟု ဦးဗိုလ်ထွေးက ပြောသည်။

ယခုဆွေးနွေးနေသည့် ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)ကို ဥပဒေအဖြစ် ပြဋ္ဌာန်းအတည်ဖြစ်လျှင် ပထမအကြိမ်တိုင်းဒေသကြီးလွှတ်တော်မှ ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းထားခဲ့သည့် ရေချိုနှင့်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာဥပဒေကို ၎င်းဥပဒေဖြင့် ရုပ်သိမ်းမည်ဖြစ်သည်။ **(ကိုးကား-တနင်္သာရီဂျာနယ်)**

# ဒုတိယကြိမ်ကချင်ပြည်နယ်လွှတ်တော် အငွှမ ပုံမှန် အစည်းအဝေး တင်သွင်းအဆိုအများစု အတည်ပြုနိုင်ခဲ့

ဩဂုတ် ၇၊ ၂၀၁၇

ဇူလိုင်လ (၃၁) ရက်နေ့မှ စတင်ကျင်းပလျက်ရှိသော ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် အငွှမပုံမှန်အစည်းအဝေးတွင် ပူတာအိုခရိုင်၌ ဝိဇ္ဇာ/သိပ္ပံကောလိပ်ဖွင့်လှစ်ပေးရေး ဦးချန်တန်ခင်(နောင်မွန်-၁)၏အဆို၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေရရှိရန် မြို့ရွာအသီးသီးတွင် မြေဂရန်၊ မြေငှားဂရန်များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း ဦးကျော်ကျော်ဝင်း(မိုးညှင်း-၂)၏ အဆိုတို့ အတည်ပြုခဲ့သည်။ ထို့ပြင် ကချင်ပြည်နယ်တွင်း ရွှေလုပ်ကွက်များ လုပ်ငန်းပြီးစီးချိန်ကျန်ရစ်ခဲ့သော ကွင်းပြင် များအား မြေပြုပြင်၍ လူလုပ်သစ်တောများ ပြန်လည်ဖန်တီးရေးအဆိုအား တနိုင်း၊ ရွှေကူ၊ ဖားကန့်မဲဆန္ဒနယ်များမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃ ဦးက ထောက်ခံဆွေးနွေးခဲ့ကြသည်။ ယင်းအဆိုအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးမှလွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန် တင်ပြခဲ့သော်လည်း အဆိုရှင် ဦးကျော်ကျော်ဝင်း(မိုးညှင်း-၂)က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် နောင်လာနောက်သားများအတွက် ယခုအချိန်ကတည်းက ဆောင်ရွက်ရန် လိုအပ်သည်ဟုတင်ပြ၍ လွှတ်တော်အဆုံးအဖြတ်ကိုရယူရာ တက်ရောက်သူကိုယ်စားလှယ် ၄၉ ဦး အနက် ၄၈ ဦးမှ ထောက်ခံခဲ့ခြင်းကြောင့် လွှတ်တော်မှ အတည်ပြုခဲ့ကြောင်း သိရသည်။


ဓာတ်ပုံ-ကချင်ပြည်နယ်လွှတ်တော်

ထို့အတူ ပညာရေးကျန်းမာရေးမြှင့်တင်နိုင်ရန် လူဦးရေကိုအခြေခံသည့်မူအား ဖြေလျော့ပေးရေး ဒေါ်မရန်ဂျာဆိုင်းခေါန်(အင်ဂျန်းယန်-၂)၏အဆိုအား လျှို့ဝှက်မဲပေးစနစ်ဖြင့် မဲခွဲဆုံးဖြတ်ရာ မဲပေးသူ ၄၆ ဦးတွင် ထောက်ခံ၃၇၊ ကန့်ကွက် ၅၊ ပယ်မဲ ၁၊ ကြားနေ ၃ တို့ဖြင့် အဆိုကို အတည်ပြုခဲ့သည်။

(ကိုးကား:- Chang Dang Hken MP facebook/Kyaw Kyaw Win facebook )

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်
စုစည်းတင်ပြသူ
ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း
ဆက်သွယ်ရန်
၀၉-၂၆၁၆၅၄၀၄၅
www.emref.org
www.mypilar.org
www.facebook.com/emrefmyanmar

## သတင်းတို

● ပြတိုက်နှင့်စာကြည့်တိုက်ဥပဒေအား ဇူလိုင်လ ၂၁ ရက်နေ့က ကျင်းပသော ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ဒုတိယနေ့)က အတည်ပြုနိုင်ခဲ့သည်။ အလားတူ ငွေတိုးချစားသူများဥပဒေ(မူကြမ်း)အား ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးမော်မော်က ပြည်နယ်လွှတ်တော်သို့တင်သွင်းခဲ့သော်လည်း ယင်းဥပဒေမူကြမ်းအား လွှတ်တော်၌ မှတ်တမ်းတင်ရန် ဆုံးဖြတ်ခဲ့ကြသည်။
(ကိုးကား:- Iprd loikaw facebook/ www.bnionline.net )

● ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီအစည်းအဝေးခန်းမ၌ (၃၁-၇-၂၀၁၇) ရက်နေ့မှ (၁-၈-၂၀၁၇) ရက်နေ့ အထိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဒေါ်လှလှဝင်းသည် ကော်မတီအဖွဲ့ဝင်များနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် အုတ်၊ သဲ၊ ကျောက်လုပ်ငန်းများအား ထိန်းကျောင်းရေးနှင့်ပတ်သက်၍လည်းကောင်း၊ သစ်တောနှင့်ပတ်သက်သည့် လုပ်ငန်းများလေ့လာရေးနှင့်ပတ်သက်၍လည်းကောင်း၊ ညောင်လေးပင်မြို့နယ်တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့်တံတားပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက်လည်းကောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။
(ကိုးကား:- Bago Region Hluttaw Facebook)

# မောင်တောဒေသလုံခြုံရေး အစည်းအဝေးခေါ်ယူရန် လွှတ်တော်ဥက္ကဋ္ဌ တောင်းဆို

ဩဂုတ် ၇၊ ၂၀၁၇

အကြမ်းဖက်သမားများက ဒေသခံများကို သတ်ဖြတ်နေမှုနှင့် လက်လုပ်မိုင်းများ မကြာခဏပေါက်ကွဲမှု ဖြစ်ပွားနေသည့် မောင်တောခရိုင် လုံခြုံရေးနှင့်ပတ်သက်၍ ရက်ပိုင်းအတွင်း လုံခြုံရေးအစည်းအဝေး ခေါ်ယူကျင်းပရန် ရခိုင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုကို တောင်းဆိုထားကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက ပြောကြားသည်။ ထိုတောင်းဆိုချက်နှင့်ပတ်သက်၍ ဝန်ကြီးချုပ်က အစည်းအဝေးပြုလုပ်မည်ဟု ပြန်လည်ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကော်မတီတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဥက္ကဋ္ဌဖြစ်ပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး၊ ဒေသစစ်ဆေးရေးကွပ်ကဲမှု(စစ်တွေ) ကွပ်ကဲရေးမှူးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က အဖွဲ့ဝင်များဖြစ်ကာ ကော်မတီအတွင်းရေးမှူးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးဖြစ်သည်။

မောင်တောဒေသတွင် အကြမ်းဖက်မှု ပြုလုပ်နေခြင်းသည် ဒေသရှိတိုင်းရင်းသားများကို မနေရဲအောင် ခြိမ်းခြောက်လုပ်ဆောင်နေပြီး အကြမ်းဖက်သမားများက လာရောက်စော်ကားခြင်းသည် ပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော်အတွက် ရင်နာစရာ၊ အရှက်ရစရာဖြစ်နေကြောင်း ဦးစံကျော်လှက ပြောသည်။

မောင်တောမြို့နယ်တောင်ပိုင်း ကိုင်းကြီး(မြို)ရွာနေ မြိုတိုင်းရင်းသားရှစ်ဦးသည် ဩဂုတ် ၃ ရက်က ရွာအနီးရှိ မေယုတောင်သို့ တောင်ယာလုပ်ကိုင်ရန် သွားရောက်ခဲ့ရာ အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် ခုနစ်ဦးသေဆုံးပြီး လက်ရှိတွင်တစ်ဦးပျောက်ဆုံးနေသည်။

ယင်းဖြစ်စဉ်ကြောင့် မောင်တောခရိုင်ရှိ ရာနှင့်ချီသော ရခိုင်တိုင်းရင်းသား မိသားစုဝင်များသည် ဩဂုတ် ၄ ရက်က စတင်ကာ ဘေးလွတ်ရာသို့ဝင်ရောက်ခိုလှုံနေရသည်။ ထို့ကြောင့် ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို လုံခြုံရေးအစည်းအဝေး ခေါ်ယူကာ ဆုံးဖြတ်ရန် အရေးတကြီး လိုအပ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ထို့ပြင် ပြီးခဲ့သည့် ဇူလိုင်(၁၁)ရက်နေ့က ကျင်းပခဲ့သော ရခိုင်ပြည်နယ်လွှတ်တော်တွင် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များ၌ လက်ရှိထက် ပိုမိုအာမခံချက်ပေးနိုင်သော လုံခြုံရေးအစီအမံများ အကောင်အထည်ဖော်ပေးရန် ပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခဲ့ပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုထားသည်။

**(ကိုးကား- 7daydaily/ DVB)**

# မွန်ရေးရာများဆောင်ရွက်မည့် ဝန်ကြီးတစ်ပါး ပူးတွဲတာဝန်ချပေးရန် ပြည်နယ်လွှတ်တော်တိုက်တွန်း

ဩဂုတ် ၄၊ ၂၀၁၇

မွန်လူမျိုးများ၏ အရေးဆိုင်ရာများကို မွန်ပြည်နယ်ရှိ အခြားသောတိုင်းရင်းသားများနည်းတူ စီမံဆောင်ရွက်ပေးမည့် ဝန်ကြီးတစ်ဦးဦးအား ပူးတွဲတာဝန်ချပေးရန် မွန်ပြည်နယ်လွှတ်တော် တိုင်းရင်းသားအရေးရာဆိုင်ရာကော်မတီက မွန်ပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းထားကြောင်း ကော်မတီဥက္ကဋ္ဌ ဦးထွန်းမင်းအောင်ထံမှ သိရသည်။

မွန်ပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုတွင် (ဗမာ၊ ကရင်၊ ပအိုဝ်း) တိုင်းရင်းသားရေးရာများအတွက်ခွဲဝေချထားပေးသော်လည်း မွန်တိုင်းရင်းသားရေးရာကိစ္စရပ်များအတွက် ဘတ်ဂျက်ခွဲဝေထားခြင်းမရှိခဲ့၍ လာမည့် ၂၀၁၈-၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ထည့်သွင်းရေးဆွဲနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန်ပါရှိသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေအရ မွန်ပြည်နယ်မှာ မွန်စာပေယဉ်ကျေးမှုအတွက် ထဲထဲဝင်ဝင်လုပ်ဖို့ မွန်တိုင်းရင်သားရေးရာ ဝန်ကြီးမရှိဘူး၊ ဥပမာ- ကျောင်းဖွင့်ရာသီမှာ မွန်စာအုပ်မရောက်တာ၊ ပြီးတော့ မွန်ယဉ်ကျေးမှုနဲ့ဆိုင်တဲ့ အခမ်းအနားတို့ စသည်အားဖြင့် ဒီအတွက်လုပ်ပေးဖို့ ဝန်ကြီးတစ်ပါးကို တာဝန်အပ်ပေးဖို့ တိုက်တွန်းခဲ့တယ်" ဟု တိုင်းရင်းသားအရေးရာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးထွန်းမင်းအောင်ကပြောသည်။

ယင်းတိုက်တွန်းစာကို ပြီးခဲ့သည့် ဇူလိုင် ၂၇ ရက်နေ့က တိုင်းရင်းသားကော်မတီမှ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ပေးပို့ခဲ့ကြောင်း၊ ဩဂုတ် ၂ ရက်နေ့ မနက်ပိုင်း၌ အစိုးရအဖွဲ့ရုံးတွင် Cabinet ရှိခဲ့သော်လည်း ၎င်းကိစ္စအား မဆွေးနွေးဖြစ်သေးကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းထံမှ သိရသည်။

မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့တွင် တာဝန်ယူထားဖူးသူတစ်ဦး ဖြစ်နေသည့်အတွက် ယင်းတာဝန်အား ၎င်းကိုပူးတွဲတာဝန်ပေးအပ်ခဲ့လျှင် ဝမ်းသာစွာဖြင့် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ပြီးခဲ့သည့်အစိုးရလက်ထက်တွင် မွန်ပြည်နယ်အတွက် မွန်တိုင်းရင်းသားရေးရာဆိုင်ရာကိစ္စရပ်များ ကိုင်တွယ်ဆောင်ရွက်မည့် ဝန်ကြီးသီးသန့် မရှိခဲ့သော်လည်း မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီမှ မွန်ကိုယ်စားလှယ်တစ်ဦးဖြစ်သော စီမံကိန်း၊ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ကိုးကား- မွန်သတင်းအေဂျင်စီ)**